ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် ( ၃၄ )၊ နေပြည်တော်

ဖုန်း - ၀၆၇ - ၃၄၁၀၁၅၃၊ ဖက်(စ်) - ၀၆၇- ၃၄၁၀၁၅၄၊ အီးမေးလ် - frdho34@gmail.com

စာအမှတ်၊ ငကစ/မူဝါဒ/ (၁၃၈၉/ ၂၀၂၄)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်

အကြောင်းအရာ။ **UNSCR Sanction List များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်ကိစ္စ**

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာအကြမ်းဖက် အဖွဲ့အစည်းတို့နှင့် ဆက်စပ်ပတ်သက်နေသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ကြီးကြပ်စစ်ဆေးနေသောသတင်းပို့အဖွဲ့အစည်းများဖြစ်သည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီများအနေဖြင့် မိမိတို့ဝန်ဆောင်မှုပေးလျက်ရှိသော လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီ အဖွဲ့အစည်းများနှင့် စီးပွားဆက်ဆံဆောင်ရွက်ခြင်းနှင့်လွှဲပြောင်းဆောင်ရွက်မှုများကို ပြုလုပ်ရာတွင် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်သည့် ငွေကြေးဆိုင်ရာအရေးယူပိတ်ဆို့မှုများ ပြုလုပ်နိုင်ရန်နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၇၁၈ ကော်မတီ၏ အင်တာနက်စာမျက်နှာ https://www.un.org/securitycouncil/sanctions/1718/press-releases တွင် ထုတ်ပြန်ထားသည့် နောက်ဆုံးအခြေအနေနှင့်ကိုက်ညီသည့် သတ်မှတ်ကြေညာခြင်းခံရသော လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီအဖွဲ့အစည်းများ၏ စာရင်းကို အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်ဝင်ရောက် ကြည့်ရှုခြင်း၊ မိမိတို့ လက်ဝယ်တွင် ရှိ/မရှိ စိစစ်ခြင်း၊ တွေ့ရှိချက်များအားသတင်းပို့ခြင်း၊ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ထိန်းချုပ် သိမ်းဆည်းခြင်း၊ မိမိတို့၏ Website/Webpage များတွင် လွှင့်တင်ခြင်းနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ ဆောလျင်စွာ တင်ပြနိုင်ရေး လိုက်နာဆောင်ရွက်နိုင်ရန်အတွက် အကြောင်းကြားအပ်ပါသည်။

(ဇော်နိုင်)
ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

ညွှန်ကြားရေးမှူး၊ အထက်မြန်မာပြည်ကြီးကြပ်စစ်ဆေးရေးရုံး၊ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန **(အထက်မြန်မာပြည်ကြီးကြပ်စစ်ဆေးရေးရုံးအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များမှ တစ်ဆင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်းများအားလုံးသို့ ထပ်ဆင့်ဖြန့်ဝေသွားရန်)**

ညွှန်ကြားရေးမှူး၊ အောက်မြန်မာပြည်ကြီးကြပ်စစ်ဆေးရေးရုံး၊ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန **(အောက်မြန်မာပြည်ကြီးကြပ်စစ်ဆေးရေးရုံးအောက်ရှိ တိုင်းဒေသကြီး/ ပြည်နယ်များမှ တစ်ဆင့် အသေးစားငွေရေးကြေးရေးလုပ်ငန်း အဖွဲ့အစည်းများအားလုံးနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီများအားလုံးသို့ ထပ်ဆင့်ဖြန့်ဝေသွားရန်)**

မိတ္တူကို

အတွင်းရေးမှူး၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့

ညွှန်ကြားရေးမှူး၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်စစ်ဆေးရေးဌာနခွဲ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)

ညွှန်ကြားရေးမှူး၊ အာမခံလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

ရုံးလက်ခံ

မျှောစာ